လက်မ

အလုပ်အကိုင်

နေရပ်လိပ်စာ

ထိုးမြဲလက်မှတ်

၁။ ဤကတ်ပြားကို အမြဲဆောင်ထားရမည်။
၂။ ပျောက်ဆုံး၊ ပျက်စီးသည့်အခါ သက်ဆိုင်ရာ ရဲစခန်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးသို့ အကြောင်းပို့ရမည်။
၃။ ဤလက်မှတ်ကို အသက်( ) နှစ်ပြည့်လျှင် လဲလှယ်ရမည်။ ပျက်ကွက်ပါက အရေးယူခြင်းခံရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့

ထားဝယ်မြို့

စာအမှတ်၊ ၆၂ဖြ/၄၀၀(၁)/၉-၁/အဖရ(တနင်္သာရီ)

ရက် စွဲ ၊ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်

သို့

ဦးမင်းဇော်ထွေး
မန်နေဂျင်းဒါရိုက်တာ
SHWE GABAR MIN CO., LTD
အမှတ်(၉၂)၊ အလယ်လမ်း၊ ကညွန့်ရပ်၊ ထားဝယ်မြို့

အကြောင်းအရာ။ **သဘောထားမှတ်ချက်ပြုပေးနိုင်ပါရန်တင်ပြခြင်းကိစ္စ**

ရည် ညွှန်း ချက်။ ဦးမင်းဇော်ထွေး(မန်နေဂျင်းဒါရိုက်တာ)၊ SHWE GABAR MIN CO., LTD၏ (၂၆.၉.၂၀၁၇)ရက်စွဲပါတင်ပြစာ

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ ပရဒတ်ကျေးရွာအုပ်စု၊ ထွာတာ ကျေးရွာအနီး၊ ကွင်းအမှတ်(၂၆/OSS)၊ ပရဒတ်ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ်(N-၃၈၆)အတွင်း ရှိ ဥယျာဉ်ခြံမြေဧရိယာ(၆.၀၃)ဧကအား ကျောက်ထုတ်လုပ်ငန်းခွင်သုံး အဆောက်အဦများ ဆောက် လုပ်ရန်အတွက် မြေစာရင်းပုံစံ(၁၀၅)ရေးကူးခွင့်ပြုပါရန် ဦးမင်းဇော်ထွေး၊ ၆/ထဝန (နိုင်)၀၉၅၆၂၀၊ SHEW GABAR MIN Co., Ltd မှ တင်ပြလာမှုအပေါ် ဆိပ်ခံတံတားတည်ဆောက်မည်ဖြစ်၍ သက်ဆိုင်ရာဌာနများဖြစ်သည့် တိုင်းဒေသကြီးမြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ တိုင်းဒေသကြီးရေအရင်း အမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တိုင်းဒေသကြီးရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတို့၏ သဘောထားများနှင့်အတူ ပြန်လည်တင်ပြရန် အကြောင်းကြားခဲ့ပါသည်။

၂။ ထိုသို့အကြောင်းကြားမှုအပေါ် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အစည်းအဝေးအမှတ် စဉ်(၇/၂၀၁၇)သို့ တင်ပြခဲ့ရာ ဆုံးဖြတ်ချက်အပိုဒ်(၇၁)အရ"**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ရေအရင်းအမြစ်နှင့် ရေကြောင်းပို့ဆောင်ရေးတို့မှ ကန့်ကွက်ရန်မရှိကြောင်း သဘောထားတင်ပြပြီးဖြစ်၍ ကျောက် ထုတ်လုပ်ငန်းခွင်သုံး ဆိပ်ခံတံတားတည်ဆောက်ရန် မြေဧရိယာ(၆.၀၃)ဧကအား မြေစာရင်းပုံစံ (၁၀၅)ရေးကူးခွင့်ပြုကြောင်း**"ဆုံးဖြတ်ခဲ့သဖြင့် မြေစာရင်းပုံစံ(၁၀၅)ရေးကူးခွင့်ပြုပြီးဖြစ်၍ ကျောက် ထုတ်လုပ်ငန်းခွင်သုံး ဆိပ်ခံတံတားတည်ဆောက်ခွင့်ရရှိရန်အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ရန်ကုန်ရုံးချုပ်မှတဆင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသို့ တင်ပြရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သဘောထားမှတ်ချက်ချမှတ်ပေးနိုင်ပါရန် ဦးမင်းဇော်ထွေး၊ ၆/ထဝန (နိုင်)၀၉၅၆၂၀၊ SHEW GABAR MIN Co., Ltd မှ တင်ပြလာပါသည်။

၃။ အဆိုပါတင်ပြလာမှုနှင့်စပ်လျဉ်း၍ ၂၁-၁၁-၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁၇/၂၀၁၇)၊ ဆုံးဖြတ်ချက်အပိုဒ်(၂၃) အရ **"ကန့်ကွက်ရန်မရှိကြောင်း"**ဆုံးဖြတ်ခဲ့သဖြင့် အစည်းအဝေးဆုံးဖြတ်ချက်အပေါ် သိရှိနိုင်ရန် အကြောင်းကြားပါသည်။

ကောင်းစံဦး
(အတွင်းရေးမှူး)

မိတ္တူကို

လက်ခံစာတွဲ

မျှောစာတွဲ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
စာအမှတ်............
ရက်စွဲ............
တနင်္သာရီတိုင်းဒေသကြီး

RIC-I-744
29.5.2019

ပတ် ဝန်း ကျင် ထိန်း သိမ်း ရေး ဦး စီး ဌာ န
ညွှန် ကြား ရေး မှူး ရုံး
တ နင်္သာ ရီ တိုင်း ဒေ သ ကြီး ၊ ထား ဝယ် မြို့
စာအမှတ်၊ ၂ / ၇ / ၆ (ဝ၁-ဝ၈) (၄၆၉ / ၂၀၁၉)
ရက် စွဲ ၊ ၂၀၁၉ ခုနှစ် ၊ မေလ ၂၇ ရက်

သို့

ညွှန်ကြားရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့

အကြောင်းအရာ။ **ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအပေါ် ပတ်ဝန်းကျင်ဆိုင်ရာ သဘောထားမှတ်ချက် ပြန်ကြားခြင်း**

ရည်ညွှန်းချက် ။
(၁) တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၊ ထားဝယ်မြို့၏ (၈-၅-၂၀၁၉)ရက်စွဲပါ စာအမှတ်၊ ရက-တနသ/ ရင်းနှီး(ထွေ)/ ၂၀၁၉ (၁၉၁)
(၂) တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၊ ထားဝယ်မြို့၏ (၉-၅-၂၀၁၉) ရက်စွဲပါ စာအမှတ်၊ ရက-တနသ/ ရင်းနှီး(ထွေ)/ ၂၀၁၉ (၁၉၅)
(၃) တနင်္သာရီတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ (၁၆-၅-၂၀၁၉)ရက်စွဲပါ စာအမှတ်၊ ၁/ ၄/ ၃ (ဝ၃-ဝ၁) (၄၆၆/၂၀၁၉)
(၄) ထားဝယ်ခရိုင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ (၂၄ - ၅- ၂၀၁၉) ရက်စွဲပါ စာအမှတ်၊ ၂/ ၇/ ၆ (ဝ၁-ဝ၈) (၃/၂၀၁၉)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ရွှေကမ္ဘာမင်းကုမ္ပဏီလီမိတက်မှ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ ပရဒတ်ကျေးရွာအုပ်စု၊ ထွက်ဝကျေးရွာအနီး ကွင်းအမှတ်(၂၆/ဝ၅၅)၊ ပရဒတ်ကြေးတိုင်ပြင်ကွင်း မြေဧရိယာ (၁.၅)ဧကပေါ်တွင် ကျောက်ထုတ်စက်ရုံဆောက်လုပ်ခြင်းနှင့် ဦးပိုင်အမှတ်(N-၃၈၆)မြေဧရိယာ (၆.ဝ၃)ဧကပေါ်တွင် ဆိပ်ခံတံတားတည်ဆောက်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီမှ ရည်ညွှန်း(၁)(၂)ပါစာများဖြင့် သဘောထားမှတ်ချက်ပြန်ကြားပေးရန် ပေးပို့ညှိနှိုင်းလာခြင်းနှင့်ပတ်သက်၍ ထားဝယ်ခရိုင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ အဆိုပြုလုပ်ငန်းတည်ရှိရာနေရာသို့ ကွင်းဆင်းစစ်ဆေးပြီး ပြန်လည်တင်ပြရန် ရည်ညွှန်း(၃)ပါစာဖြင့် အကြောင်းကြားခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ ရွှေကမ္ဘာမင်းကုမ္ပဏီလီမိတက်မှ တည်ဆောက်လုပ်ကိုင်မည့် လုပ်ကွက်နေရာသို့ (၁၇-၅-၂၀၁၉)ရက်နေ့တွင် ထားဝယ်ခရိုင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်နှင့် သဘောထားမှတ်ချက်များကို ရည်ညွှန်း(၄)ပါစာဖြင့် အောက်ပါအတိုင်း ပြန်လည်တင်ပြလာပါသည် -

(က) ရွှေကမ္ဘာမင်းကုမ္ပဏီမှ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ ပရဒတ်ကျေးရွာအုပ်စု၊ ထွက်ဝကျေးရွာအနီး ကွင်းအမှတ်(၂၆/ဝ၅၅)၊ ပရဒတ်ကြေးတိုင်ပြင်ကွင်း မြေဧရိယာ(၁.၅)ဧကပေါ်တွင်

ကျောက်ထုတ်စက်ရုံတည်ဆောက်ခြင်းလုပ်ငန်းနှင့်ဦးပိုင်အမှတ်(N-၃၈၆)၊ မြေဧရိယာ (၆.၀၃)ဧကပေါ်တွင် ဆိပ်ခံတံတားတည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊

(ခ) စီမံကိန်းအဆိုပြုလွှာလျှောက်ထားသူမှာ ရွှေကမ္ဘာမင်းကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာ ဦးမင်းဇော်ထွေး ၆/ထဝန(နိုင်) ၀၉၅၆၂၀ ဖြစ်ပါကြောင်း၊

(ဂ) စီမံကိန်းလုပ်ငန်းများကို နိုင်ငံခြား ၈၀% နှင့် နိုင်ငံသား ၂၀% ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဖြင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊

(ဃ) စီမံကိန်းတည်ဆောက်မည့် မြေနေရာများသည် ရွှေကမ္ဘာမင်းကုမ္ပဏီလီမိတက်မှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော ဥယျာဉ်ခြံမြေ အမျိုးအစားဖြစ်ပါကြောင်း၊ စီမံကိန်းတည်ဆောက်မည့် နေရာများသည် ဇာဒီကျေးရွာနှင့်(၆)မိုင်ခန့်၊ ထွက်ဝကျေးရွာနှင့် (၁)မိုင်ခန့်အကွာတွင်တည်ရှိပါကြောင်း၊

(င) ကျောက်ခွဲစက်ရုံ၏ အရှေ့ဘက်တွင် ဘဝါကြိုးဝိုင်းနှင့် အနောက်ဘက်တွင် ဇာဒီရွာမှ ထွက်ဝရွာသို့သွားသည့် ကားလမ်း၊မြောက်ဘက်နှင့် အရှေ့မြောက်ဘက်တွင် ကျောက်ထုတ်လုပ်ကွက်၊ တောင်ဘက်တွင် ကုမ္ပဏီပိုင်အဆောက်အဦးများ၊ မြောက်ဘက်တွင် ဦးဘိုဝင်း၊ တောင်ဘက်တွင် ဦးအေးလွင်နှင့် ဦးတင်သိန်းတို့၏ ဥယျာဉ်ခြံမြေများတည်ရှိပါကြောင်း၊ ဆိပ်ခံတံတား တည်ဆောက်မည့်မြေနေရာ၏ အရှေ့ဘက်တွင် ဇာဒီရွာမှထွက်ဝရွာသို့ သွားသည့်ကားလမ်း၊ အနောက်ဘက်တွင် ကပ္ပလီပင်လယ်ပြင်၊ မြောက်ဘက်တွင် ဒေါ်မာမာအေးနှင့် တောင်ဘက်တွင် ဦးကြည်မြင့်တို့၏ ဥယျာဉ်ခြံမြေများတည်ရှိပါကြောင်း၊

(စ) စက်ရုံတွင် ကျောက်ခွဲစက် (၅)လုံး တပ်ဆင်အသုံးပြုမည်ဖြစ်ကြောင်း၊ ဆိပ်ခံတံတားချဉ်းကပ်လမ်းအတိုင်းအတာသည် အလျား ပေ (၁၂၀၀)၊ အနံ (၄၂) ပေရှိပြီး ချဉ်းကပ်လမ်း၏ထိပ်ပိုင်းတွင် အလျားပေ (၅၀၀)၊ အနံ ပေ (၆၀) ရှိ ဆိပ်ခံတံတား တည်ဆောက်မည်ဖြစ်ပြီး အင်္ဂလိပ်အက္ခရာ(T) ပုံသဏ္ဍာန် ပင်လယ်တွင်းသို့ထိုးထွက်တည်ရှိမည်ဖြစ်ပါကြောင်း၊

(ဆ) စက်ရုံမှဆိပ်ခံတံတားသို့ ကျောက်များသယ်ယူရန် ကုမ္ပဏီပိုင်မော်တော်ကားလမ်းဖောက်လုပ်လျက်ရှိပါကြောင်း၊

(ဇ) စီမံကိန်းလုပ်ငန်းအတွက် ကျောက်ခွဲစက်(၅)လုံး၊ Backhoe(၂)စီး၊ Wheel Loader(၁)စီး၊ DumpTruck(၇)စီး၊ Tractor(၁)စီးနှင့် စုစုပေါင်းယာဉ်ယန္တရားအင်အား (၁၆)စီး၊ လုပ်သားအင်အား(၄၀)ဦး တို့ဖြင့် လုပ်ငန်းလည်ပတ်မည်ဖြစ်ပါကြောင်း၊

(ဈ) ယခုနှစ်တွင် ကျောက်ကျင်း (၁၀၀၀၀) ခန့်မှန်းတန်ချိန် (၄၅၀၀၀)ခန့် ထုတ်လုပ်သွားမည်ဖြစ်ပြီး နောင်နှစ်များတွင် ကျောက်ကျင်းရေ(၂၅၀၀၀)ခန့် တန်ချိန်အားဖြင့် (၁၀၀၀၀၀) ကျော်ထုတ်လုပ်သွားမည်ဖြစ်ပါကြောင်း၊

(ည) ကျောက်ကုန်ချောများကို ကျောက်ဖြူအထူးစီးပွားရေးဇုန် နှင့်သီလဝါအထူးစီးပွားရေးဇုန်များသို့ သင်္ဘောဖြင့် တင်ပို့ရောင်းချမည်ဖြစ်ပါကြောင်း၊

(ဠ) ဆိပ်ခံတံတားတည်ဆောက်မည့်မြေနေရာနှင့် စက်ရုံတည်ဆောက်မည့်မြေနေရာမှ အပင်များအား စက်ရုံရုံးခန်းနေရာသို့ ပြောင်းရွှေ့စိုက်ပျိုးထားပြီး စက်ရုံတည်ဆောက်ပြီးပါက အပင်များကို ပြန်လည်ပြောင်းရွှေ့ စိုက်ပျိုးသွားမည် ဖြစ်ပါ ကြောင်း၊

(ဋ) စက်ရုံ၏အရှေ့မြောက်ဘက်(၇)မိုင်ခန့်အကွာတွင် ပျဉ်းကတိုး(၅)ကေခန့် စိုက်ပျိုးထားရှိပြီး နှစ်အလိုက်ထပ်မံတိုးချဲ့စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်ထားရှိသည် ဟုသိရှိရပါကြောင်း၊

၃။ ရွှေကမ္ဘာမင်းကုမ္ပဏီ၏ ကျောက်ထုတ်စက်ရုံနှင့် ဆိပ်ခံတံတားတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်လိုခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း သုံးသပ်ရရှိပါသည် -

(က) ကျောက်ခွဲစက်လည်ပတ်မှုနှင့် လုပ်ငန်းသဘောသဘာဝအရ ကျောက်မိုင်းခွဲခြင်းလုပ်ငန်းများကြောင့် အသံဆူညံမှုဖြစ်ပေါ်စေပြီး ပတ်ဝန်းကျင်တွင် အသံညစ်ညမ်းမှု (Noise pollution) ဖြစ်ပေါ်စေနိုင်ပါကြောင်း၊

(ခ) စီမံကိန်းမှထွက်ရှိလာသော ကျောက်မှုန့်များ ပျံ့လွင့်မှုကြောင့် အနီးပတ်ဝန်းကျင်ရှိ လေထုကိုညစ်ညမ်းစေနိုင်ပြီး အပင်များ၏ရှင်သန်ကြီးထွားမှုနှင့် လူတို့၏ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်စေနိုင်ပါကြောင်း၊

(ဂ) ကုန်ကြမ်းထုတ်ယူရာတွင် ကျောက်တောင်များကို ဖြိုဖျက်ထုတ်ယူရခြင်းကြောင့် သစ်ပင်ပန်းမန်များ၏ ရှင်သန်ပေါက်ရောက်မှုနှင့် သတ္တဝါများ၏ကျက်စားရာဒေသများပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်ပြီး ဂေဟစနစ်ပျက်စီး ယိုယွင်းခြင်းများ ဖြစ်ပေါ်စေနိုင်ပါကြောင်း၊

(ဃ) ဆိပ်ခံတံတားတည်ဆောက်ခြင်းလုပ်ငန်းအား စနစ်တကျစီမံခန့်ခွဲခြင်းမရှိပါက ရေလမ်းကြောင်းပြောင်းလဲမှုနှင့် ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်စေနိုင်ကြောင်း၊

(င) ဆိပ်ခံတံတားသို့ကျောက်တင်သင်္ဘောကြီးများ ဝင်ထွက်သွားလာခြင်းကြောင့် ဒေသခံများ၏ ရေလုပ်ငန်းနှင့် ပင်လယ်ရေကြောင်းသွားလာရေးလုပ်ငန်းများ ထိခိုက်စေနိုင်ပါကြောင်း၊

၄။ ရွှေကမ္ဘာမင်းကုမ္ပဏီ၏ ကျောက်ထုတ်စက်ရုံနှင့် ဆိပ်ခံတံတားတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်လိုခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုအပ်ပါသည်-

(က) ရွှေကမ္ဘာမင်းကုမ္ပဏီ၏ ကျောက်ထုတ်စက်ရုံအတွက် လိုအပ်သော ကုန်ကြမ်းထုတ်လုပ်ရာတွင်လည်းကောင်း၊ ကုန်ကြမ်းသယ်ယူရာတွင်လည်းကောင်း၊ ကျောက်ထုတ်စက်ရုံ လည်ပတ်စဉ်တွင်လည်းကောင်း၊ ကုန်ချောပို့ဆောင်ရာတွင်လည်းကောင်း ကျောက်မှုန့်များပျံ့လွင့်နိုင်ပါသဖြင့် လုပ်ငန်းလုပ်ဆောင်ချိန်များတွင် လုပ်သားများ၏ ကျန်းမာရေးအလို့ငှာ ဦးထုပ် ၊ လက်အိတ်၊ ဖိနပ်နှင့် နှာခေါင်းစည်း အစရှိသော Safety Equipments များ ဝတ်ဆင်လုပ်ကိုင်စေရန်၊

(ခ) စီမံကိန်းလုပ်ငန်းမှကျောက်မှုန့်ပျံ့လွင့်မှု အနည်းဆုံးဖြစ်စေရေး စီမံဆောင်ရွက်ထားရန်၊

(ဂ) လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးအတွက် စီမံကိန်းလုပ်ငန်းအတွင်း သတိပေးဆိုင်းပုဒ် များ စိုက်ထူသွားရန်၊

(ဃ) စက်ရုံလည်ပတ်ချိန်၊ ကျောက်သယ်ကားများသွားလာချိန်နှင့် လုပ်ငန်းသဘောအရ ကျောက်မိုင်းခွဲခြင်းလုပ်ငန်းများ လုပ်ကိုင်ချိန်တွင် အနီးပတ်ဝန်းကျင်ရှိဒေသခံ ပြည်သူများ စိတ်အနှောင့်အယှက်နှင့်ထိခိုက်မှု တစ်စုံတစ်ရာမရှိစေရေးအတွက် အထူးအလေးထား လိုက်နာဆောင်ရွက်ရန်၊

(င) ယမ်းဖြင့်ကျောက်တောင်ဖြိုခွဲမည့်အချိန်ကို အများပြည်သူ သိရှိအောင်ကြေငြာထား ရန်၊

(စ) ကျောက်ကြီးတူးဖော်ထုတ်လုပ်ရာတွင် ကျောက်တောင်များ၊သဘာဝပေါက်ပင်များနှင့် ဇီဝမျိုးစုံမျိုးကွဲများကို တတ်နိုင်သမျှ ထိခိုက်မှုအနည်းဆုံးနည်းလမ်းများဖြင့်လုပ်ကိုင် ဆောင်ရွက်သွားရန်၊

(ဆ) မိမိတို့တူးဖော်ထုတ်လုပ်သော ကျောက်တောင်ပတ်ဝန်းကျင်တွင်သော် လည်းကောင်း၊ အခြားသင့်တော်သော နေရာတွင်သော်လည်းကောင်း သစ်ပင်များစိုက်ပျိုးခြင်း၊ သစ်တောစိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်၊

(ဇ) စွန့်ပစ်ပစ္စည်းဖြစ်သော ကျောက်မှုန်များနှင့်မြေစာများကို ကျောက်ကြီးထုတ်ရာ မှဖြစ်ပေါ်လာသော ကျင်းချိုင့်များအတွင်း ပြန်လည်မြေဖို့ဆောင်ရွက်သွားရန်၊

(ဈ) ကျောက်ကြီးထုတ်ယူရန် သတ်မှတ်ပေးထားသောဧရိယာအတွင်းတွင်သာ လုပ်ငန်း များ လုပ်ကိုင်ဆောင်ရွက်သွားရန်နှင့် သတ်မှတ်ပေးထားသော ဧရိယာကို ကျော်လွန်၍ထုတ်ယူခြင်းမပြုရန်၊

(ည) ဆိပ်ခံတံတားတည်ဆောက်ခြင်းကြောင့် ပတ်ဝန်းကျင်ရေထုညစ်ညမ်းမှုမဖြစ်ပေါ်စေ ရေးကို စနစ်တကျစီမံဆောင်ရွက်သွားရန်၊ ဆိပ်ခံတံတားသို့ ကျောက်တင် သင်္ဘောကြီးများ ဝင်ထွက်သွားလာခြင်းကြောင့် ဒေသခံများ၏ ရေလုပ်ငန်းများနှင့် ပင်လယ်ရေကြောင်းသွားလာရေးလုပ်ငန်းများ ထိခိုက်မှုမရှိစေရေး အထူးအလေးထား စီမံဆောင်ရွက်သွားရန်၊

(ဋ) ကျောက်ထုတ်လုပ်ငန်းနှင့် ဆိပ်ခံတံတားတည်ဆောက်ခြင်းလုပ်ငန်းကြောင့် အနီး ပတ်ဝန်းကျင်ရှိဒေသခံများ၏ ကျန်းမာရေးလူမှုရေးနှင့်ပတ်ဝန်းကျင်အပေါ် ထိခိုက်မှု လျော့နည်းစေရန်နှင့်အနည်းဆုံးဖြစ်စေရန်အတွက် ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဆန္ဒနှင့်သဘောထားများ ရယူဆောင်ရွက်သွားရန်၊

(ဌ) အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး ထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းစနစ်များအား အသုံးပြုရန်နှင့် လူမှုရေးဆိုင်ရာ တာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility– CSR) လုပ်ငန်းများ ဆောင်ရွက်ပေးသွားရန်၊

(ဍ) ကျောက်ထုတ်စက်ရုံနှင့် ဆိပ်ခံတံတားတည်ဆောက်ခြင်းလုပ်ငန်းများအတွက် စီမံကိန်းလုပ်ငန်းအားလုံးကို လွှမ်းခြုံလုံလောက်သည့် **ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(Environmental Impact Assessment–EIA)အစီရင်ခံစာ**ကို ပတ်ဝန်းကျင်

ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် (၄၉)၊ (၆၃)နှင့်အညီ ပြုစု ဆောင်ရွက်ရန်၊

(ဃ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် ၄၅၊ ၄၆ တို့အရ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်း **(Environmental Impact Assessment-EIA)**မစတင်မီ အဆိုပါလုပ်ငန်းကို ဆောင်ရွက်မည့် တတိယ ပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့အစည်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်ရယူရန်၊

(ဏ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် ၄၇ မှ အပိုဒ် ၅၄ ထိဖော်ပြချက်အရ စီမံကိန်းအဆိုပြုသူသည် နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း အစီရင်ခံစာ နှင့်ဆောင်ရွက်မည့် လုပ်ငန်းတာဝန်များကို လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းတစ်ခုချင်းအလိုက် လေ့လာဆန်းစစ်ပြုစု၍ ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဦးစီး ဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသို့တင်ပြ အတည်ပြုချက်ရယူရန်၊

(တ) အတည်ပြုပြီးသော နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း အစီရင်ခံစာပါအချက်များ အပေါ်အခြေခံ၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ်(၆၃)ပါအချက် များနှင့်အညီ **ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ (EIA)**ကိုဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာနသို့ ရေးဆွဲတင်ပြရန်၊

(ထ) အထက်ပါလေ့လာဆန်းစစ်မှုရလဒ်များကို အခြေခံ၍ ပတ်ဝန်းကျင်နှင့်လူမှုရေး ထိခိုက်မှု မဖြစ်ပေါ်စေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့် လုပ်ငန်း ဆောင်ရွက်မည့် အစီအစဉ် စွန့်ပစ်ပစ္စည်း/ စွန့်ပစ်အရည် စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးစေရေး ဆောင်ရွက်မည့်လုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေစသည်တို့ပါဝင်သည့် **ပတ်ဝန်း ကျင်စီမံခန့်ခွဲမှုအစီအစဉ်(Environmental Management Plan- EMP)**ကို ပတ်ဝန်း ကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အချက်အလက်များနှင့်အညီ ရေးဆွဲတင်ပြရန်နှင့် စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဒ) ပြဋ္ဌာန်းထုတ်ပြန်ထားပြီးဖြစ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်း ကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များတွင် ဖော်ပြပါရှိသည့် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များ နှင့်အညီ လိုက်နာဆောင်ရွက်ရန်နှင့် တင်ပြရမည့် အစီအစဉ်အလိုက် လိုအပ်သည့် ပုံစံများ ဖြည့်စွက်၍ တစ်ပါတည်းတင်ပြရန်၊

(ဓ) ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေပုဒ်မ၁၄အရ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေ သူသည် ပတ်ဝန်းကျင်တွင် ညစ်ညမ်းမှုကိုဖြစ်စေသည့် ပစ္စည်းများကိုသတ်မှတ်ထား အတိုင်း သန့်စင်ခြင်း၊ ထုတ်လွှတ်ခြင်း၊ စွန့်ပစ်ခြင်းနှင့် စုပုံခြင်းများပြုလုပ်ရန်၊

(န) ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေပုဒ်မ၁၅အရ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသည့် လုပ်ငန်း၊ ပစ္စည်းသို့မဟုတ်နေရာတစ်ခုခု၏ ပိုင်ရှင်သို့မဟုတ် လက်ရှိစီမံခန့်ခွဲရန်၊ လျှော့ချရန် သို့မဟုတ် ပပျောက်စေရန်လုပ်ငန်းခွင် အထောက်အကူပြုပစ္စည်း သို့မဟုတ် ထိန်းချုပ်ရေးပစ္စည်းကိရိယာကို တပ်ဆင်ခြင်းသို့မဟုတ် သုံးစွဲခြင်းပြုရန်၊ ယင်းသို့ဆောင်ရွက်ခြင်းမပြုနိုင်ပါက စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ကို မထိခိုက်စေသောနည်းလမ်းများနှင့်အညီ စွန့်ပစ်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(ပ) သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဒေသခံပြည်သူများ၏ဆန္ဒနှင့်သဘောထားများ ရယူဆောင်ရွက်ရန်၊

(ဖ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ အခါအားလျော်စွာ ဝင်ရောက်စစ်ဆေးပါက စစ်ဆေးခံနိုင်ရေး ဆောင်ရွက်ထားရှိရန်၊

၅။ သို့ဖြစ်ပါ၍ ရွှေကမ္ဘာမင်းကုမ္ပဏီလီမိတက်မှ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ ပရဒတ်ကျေးရွာအုပ်စု၊ ထွက်ဝကျေးရွာအနီး ကွင်းအမှတ်(၂၆/၀၅၅)၊ ပရဒတ်ကြေးတိုင်ပြင်ကွင်း မြေဧရိယာ(၁.၅)ဧကပေါ်တွင် ကျောက်ထုတ်စက်ရုံဆောက်လုပ်ခြင်းနှင့် ဦးပိုင်အမှတ်(N-၃၈၆) မြေဧရိယာ(၆.၀၃)ဧကပေါ်တွင် ဆိပ်ခံတံတားတည်ဆောက်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ အထက်အပိုဒ်(၄)ပါ သဘောထားမှတ်ချက်များကို လိုက်နာဆောင်ရွက်မည်ဆိုပါက တနင်္သာရီတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ကန့်ကွက်ရန်မရှိပါကြောင်း သဘောထားမှတ်ချက်ပြန်ကြားအပ်ပါသည်။

တာဝန်ခံအရာရှိ(ကိုယ်စား)
(ခိုင်ထွန်း၊ လက်ထောက်ညွှန်ကြားရေးမှူး)

မိတ္တူကို

ဝန်ကြီး(သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး)၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ နေပြည်တော်
ညွှန်ကြားရေးမှူး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး
ရုံးလက်ခံ
မျှောစာတွဲ

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်

အထူးကပ်တံဆိပ်ခေါင်း

SPECIAL ADHESIVE

၃၀၀ကျပ် K 300

5 DEC 2018

သစ်တောမြေအတွင်း ကျောက်ထုတ်လုပ်ခွင့်စာချုပ်

စာချုပ်အမှတ်- ၁/၂၀၁၈-၂၀၁၉

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ(၅)ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)ညွှန်ကြားရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနနှင့် ရွှေကမ္ဘာမင်းကုမ္ပဏီလီမိတက်တို့မှ ဤစာချုပ်ကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၅)ရက်နေ့တွင် ကြိုးဝိုင်းတောအတွင်း လမ်းခင်းကျောက်တူးဖော်ခွင့်နှင့်စပ်လျဉ်း၍ ပူးတွဲပါစည်းကမ်းချက်များအတိုင်း ဆောင်ရွက်ရန် နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးကြပါသည်။ သစ်တောဦးစီးရုံးချုပ်၏ (၆.၁၁.၂၀၁၈)ရက်စွဲပါ စာအမှတ်၊ စီမံကိန်း/သတ္တု/(၃၀၉၄၅-၄၇/၂၀၁၈)အရ ခွင့်ပြုချက်ဖြင့်စာချုပ်ချုပ်ဆိုသည်။ ကျောက်ကျင်း (၁၀၀၀၀)ကျင်းအတွက် ထားဝယ်ခရိုင်၊ MD-011020 သို့ အခွန်တော်ငွေကျပ်(၂၅၀၀၀၀၀၀/-) (ကျပ်သိန်းနှစ်ရာငါးဆယ်တိတိ)ကို ချလံအမှတ်-(၈၃/၂၀.၁၁.၂၀၁၈)၊ လုပ်ငန်းအာမခံငွေ-(၁၀၀၀၀၀၀/-) (ကျပ်တစ်သိန်းတိတိ)ကို CH - 004168 တို့ကို ပေးသွင်းပြီးဖြစ်ပါသည်။

ကျောက်တူးဖော်မည့် -

(က)	တိုင်းဒေသကြီး	-	တနင်္သာရီတိုင်းဒေသကြီး၊ **ခရိုင် - ထားဝယ်၊ မြို့နယ် - ရေဖြူ**
(ခ)	ကြိုးဝိုင်းတော	-	ဘဝါကြိုးဝိုင်း၊ အကွက်အမှတ်(၁၃)၊ ပူးတွဲမြေပုံပါ ဧရိယာအတွင်း
(ဂ)	ထုတ်လုပ်မည့်ပမာဏ (ကျင်းပေါင်း)	-	(၁၀၀၀၀)ကျင်း (၂)ဧက
(ဃ)	ကာလ	-	(၅.၁၂.၂၀၁၈)မှ (၄.၁၂.၂၀၁၉)အထိ (၁)နှစ်
(င)	အဖွဲ့အစည်း/ပုဂ္ဂလိက	-	ရွှေကမ္ဘာမင်းကုမ္ပဏီလီမိတက်

(လုပ်ကိုင်ခွင့်ရသူ)
ရွှေကမ္ဘာမင်းကုမ္ပဏီလီမိတက်

လက်မှတ် ၊..................
အမည် ၊(မင်းဇော်ထွေး)မန်နေဂျင်းဒါရိုက်တာ
မှတ်ပုံတင်အမှတ်၊......၆/ထဝန(နိုင်)ဂ၉၅၆၂၀
နေရပ် ၊...ရွှေကမ္ဘာမင်းကုမ္ပဏီလီမိတက်

(ခွင့်ပြုသူ)
ညွှန်ကြားရေးမှူးချုပ်ကိုယ်စား

လက်မှတ်၊.................. ၅.၁၂.၂၀၁၈
အမည် ၊......(ကျော်ဇေယျ)......
ရာထူး ၊....ညွှန်ကြားရေးမှူး.....
ဌာန ၊...သစ်တောဦးစီးဌာန....
တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်မြို့

(အသိသက်သေ)

လက်မှတ် ၊..................
အမည် ၊.(အောင်မင်းသိန်း)မန်နေဂျာ
မှတ်ပုံတင်အမှတ်၊...၆/လလန(နိုင်)ဂ၆၅၃ဂ၄
နေရပ် ၊ရွှေကမ္ဘာမင်းကုမ္ပဏီလီမိတက်

(အသိသက်သေ)

လက်မှတ်၊..................
အမည် ၊.........(ထိန်လင်း).....
ရာထူး ၊.........ဦးစီးအရာရှိ....
ဌာန ၊.....သစ်တောဦးစီးဌာန.
တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်မြို့

စည်းကမ်းချက်များ

(၁) သစ်တောမြေအတွင်း ကျောက်တူးဖော်ထုတ်လုပ်ခွင့်ရရှိသူသည် ကျောက်တစ်ကျင်း၏ ဒေသပေါက်ဈေး (၂၅%)ကို အခွန်တော်ငွေဖြင့် သစ်တောဦးစီးဌာနသို့ ပေးသွင်းရမည်။

(၂) အခွန်တော်ငွေပေးသွင်းခြင်းကို စာချုပ်ချုပ်ဆိုသည့်နေ့တွင် ပေးသွင်းပြီးဖြစ်ရမည်။

(၃) ကျောက်တူးဖော်မည့်ဧရိယာကို ထင်ရှားသော နယ်နိမိတ်သတ်မှတ်ခြင်းအတွက် ကုန်ကျစရိတ်ကို လုပ်ကိုင်ခွင့်ရသူမှ ကျခံရမည်။

(၄) လုပ်ကိုင်ခွင့်ပြုသည့်ဧရိယာကို လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်းမပြုလုပ်ရ။ ကိုယ်တိုင် လုပ်ကိုင်ခြင်းမရှိလျှင် သစ်တောဦးစီးဌာနသို့ ပြန်လည်အပ်နှံရမည်။

(၅) ကျောက်တူးဖော်ခြင်းကြောင့် ကျင်း၊ ချိုင့်များဖြစ်ပေါ်လာပါက မြေပြန်လည်ဖို့ပေးရမည်။

(၆) ကျောက်တူးဖော်ခွင့်ပြုထားသည့် ဧရိယာအတွင်း၌သော်လည်းကောင်း၊ သစ်ပင်ခုတ်လှဲခြင်းမပြုရ။ မလွှဲမရှောင်သာ၍ ခုတ်လှဲရန် လိုအပ်ပါက သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်ကို ကြိုတင်ရယူရမည်။

(၇) ကျောက်တူးဖော်သည့် လုပ်ငန်းဆောင်ရွက်နေစဉ် နေထိုင်ရန် ယာယီနေအိမ်တဲများမှအပ အခြားအခိုင် အမာအဆောက်အဦများဆောက်လုပ်ခြင်းမပြုရ။

(၈) ကြိုးဝိုင်းအတွင်း ကျောက်တူးဖော်ရာတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သဖြင့် သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးနည်းလမ်းကို အသုံးပြုရမည်။

(၉) လုပ်ကိုင်ခွင့်ရသည့်မြေကို ကျောက်တူးဖော်ခြင်းလုပ်ငန်းမှတပါး အခြားစီးပွားရေးလုပ်ငန်းများအတွက် အသုံးပြုခြင်းမပြုရ။

(၁၀) ချုပ်ဆိုခဲ့သောစာချုပ်သည် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊သစ်တောဦးစီး ဌာန၊ ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား) ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်း ဒေသကြီး နှင့်ကျောက်တူးဖော်သူ **ရွှေကမ္ဘာမင်းကုမ္ပဏီလီမိတက်** တို့နှင့်သာ သက်ဆိုင်စေရမည်။

(၁၁) ကျောက်ထုတ်လုပ်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးသဖြင့် လုပ်ငန်းဆောင်ရွက်မည့် မြေဧရိယာ (၁)ဧကကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ရေမြေထိန်းသိမ်းရေးသစ်တောစိုက်ခင်းအဖြစ် သစ်တော နယ်မြေအတွင်း တည်ထောင်စိုက်ပျိုးပေးမည်ဖြစ်ကြောင်း **ရွှေကမ္ဘာမင်းကုမ္ပဏီလီမိတက်မှ** ဝန်ခံကတိပြု ထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရန်။

(၁၂) ထုတ်လုပ်သည့် ကျောက်ကျင်းအရေအတွက်စာရင်းကို လစဉ်လဆန်း(၁)ရက်နေ့အရောက် ပေးပို့ရန်။


(၁၃) ဖော်ပြပါစည်းကမ်းချက်တစ်စုံတစ်ရာကို ချိုးဖောက်ပါကလုပ်ကိုင်ခွင့်ရုတ်သိမ်းခြင်းခံရမည်။

(မင်းဇော်ထွေး)
မန်နေဂျင်းဒါရိုက်တာ
၆/ထဝန(နိုင်)၀၉၅၆၂၀
ရွှေကမ္ဘာမင်းကုမ္ပဏီလီမိတက်

(ကျော်ဇေယျ)
ညွှန်ကြားရေးမှူး
သစ်တောဦးစီးဌာန
တနင်္သာရီတိုင်းဒေသကြီး-ထားဝယ်မြို့

ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ ပရဒတ်ကျေးရွာအုပ်စု၊ ထွက်ဂကျေးရွာအနီး ရွှေကမ္ဘာမင်းကုမ္ပဏီလီမိတက်အား လမ်းခင်းကျောက်ထုတ်လုပ်ရန်အတွက် စာချုပ်ချုပ်ဆိုခွင့်ပြုသည့် မြေဧရိယာ(၂)ဧက တည်နေရာပြမြေပုံ

စကေး ၁လက်မ-၁မိုင်



ရည်ညွှန်းချက်

ကြိုးဝိုင်းနယ်နိမိတ်	-	
အကွက်နယ်နိမိတ်	-	
ကားလမ်း	-	
ချောင်း/မြောင်	-	
ကျေးရွာ	-	
လျှောက်ထားသည့်ဧရိယာ	-	(၂.၀) ဧက

လျှောက်ထားဧရိယာ
ခန့်မှန်းမြေပုံညွှန်း
95 F/15
A - 912979
B - 913979
C - 913978
D - 912978

(ထွန်းအောင်လင်း)
ဦးစီးအရာရှိ
သစ်တောဦးစီးဌာန
ရေဖြူမြို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အထူးကပ်တံဆိပ်ခေါင်း
SPECIAL ADHESIVE
၃၀၀ကျပ် K 300

5 DEC 2018

သစ်တောမြေအတွင်း ကျောက်ထုတ်လုပ်ခွင့်စာချုပ်

စာချုပ်အမှတ်- ၁/၂၀၁၈-၂၀၁၉

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ(၅)ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)ညွှန်ကြားရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနနှင့် ရွှေကမ္ဘာမင်းကုမ္ပဏီလီမိတက်တို့မှ ဤစာချုပ်ကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၅)ရက်နေ့တွင် ကြိုးဝိုင်းတောအတွင်း လမ်းခင်းကျောက်တူးဖော်ခွင့်နှင့်စပ်လျဉ်း၍ ပူးတွဲပါစည်းကမ်းချက်များအတိုင်း ဆောင်ရွက်ရန် နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးကြပါသည်။ သစ်တောဦးစီးရုံးချုပ်၏ (၆.၁၁.၂၀၁၈)ရက်စွဲပါ စာအမှတ်၊ စီမံကိန်း/သတ္တု/(၃၀၉၄၅-၄၇/၂၀၁၈)အရ ခွင့်ပြုချက်ဖြင့်စာချုပ်ချုပ်ဆိုသည်။ ကျောက်ကျင်း (၁၀၀၀၀)ကျင်းအတွက် ထားဝယ်ခရိုင်၊ MD-011020 သို့ အခွန်တော်ငွေကျပ်(၂၅၀၀၀၀၀/-) (ကျပ်သိန်းနှစ်ရာငါးဆယ်တိတိ)ကို ချလံအမှတ်-(၈၃/၂၀.၁၁.၂၀၁၈)၊ လုပ်ငန်းအာမခံငွေ-(၁၀၀၀၀၀/-) (ကျပ်တစ်သိန်းတိတိ)ကို CH - 004168 တို့ကို ပေးသွင်းပြီးဖြစ်ပါသည်။

ကျောက်တူးဖော်မည့် -

(က)	တိုင်းဒေသကြီး	-	တနင်္သာရီတိုင်းဒေသကြီး၊ **ခရိုင်** - ထားဝယ်၊ **မြို့နယ်** - ရေဖြူ
(ခ)	ကြိုးဝိုင်းတော	-	ဘဝါကြိုးဝိုင်း၊ အကွက်အမှတ်(၁၃)၊ ပူးတွဲမြေပုံပါ ဧရိယာအတွင်း
(ဂ)	ထုတ်လုပ်မည့်ပမာဏ (ကျင်းပေါင်း)	-	(၁၀၀၀၀)ကျင်း (၂)ကေ
(ဃ)	ကာလ	-	(၅.၁၂.၂၀၁၈)မှ (၄.၁၂.၂၀၁၉)အထိ (၁)နှစ်
(င)	အဖွဲ့အစည်း/ပုဂ္ဂလိက	-	ရွှေကမ္ဘာမင်းကုမ္ပဏီလီမိတက်

(လုပ်ကိုင်ခွင့်ရသူ)
ရွှေကမ္ဘာမင်းကုမ္ပဏီလီမိတက်

လက်မှတ် ၊.........................
အမည် ၊(မင်းဇော်ထွေး)မန်နေဂျင်းဒါရိုက်တာ
မှတ်ပုံတင်အမှတ်၊...... ၆/ထဝန(နိုင်)၀၉၅၆၂၀
နေရပ် ၊...ရွှေကမ္ဘာမင်းကုမ္ပဏီလီမိတက်

(ခွင့်ပြုသူ)
ညွှန်ကြားရေးမှူးချုပ်ကိုယ်စား

လက်မှတ်၊.........................၅.၁၂.၂၀၁၈
အမည် ၊......(ကျော်ဇေယျ)......
ရာထူး ၊....ညွှန်ကြားရေးမှူး....
ဌာန ၊...သစ်တောဦးစီးဌာန....
တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်မြို့

(အသိသက်သေ)

လက်မှတ် ၊.........................
အမည် ၊..(အောင်မင်းသိန်း)မန်နေဂျာ
မှတ်ပုံတင်အမှတ်၊...၆/လလန(နိုင်)၀၆၅၃၀၄
နေရပ် ၊ရွှေကမ္ဘာမင်းကုမ္ပဏီလီမိတက်

(အသိသက်သေ)

လက်မှတ်၊.........................
အမည် ၊.........(ထိန်လင်း).....
ရာထူး ၊.........ဦးစီးအရာရှိ....
ဌာန ၊......သစ်တောဦးစီးဌာန.
တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်မြို့

စည်းကမ်းချက်များ

(၁) သစ်တောမြေအတွင်း ကျောက်တူးဖော်ထုတ်လုပ်ခွင့်ရရှိသူသည် ကျောက်တစ်ကျင်း၏ ဒေသပေါက်ဈေး (၂၅%)ကို အခွန်တော်ငွေဖြင့် သစ်တောဦးစီးဌာနသို့ ပေးသွင်းရမည်။

(၂) အခွန်တော်ငွေပေးသွင်းခြင်းကို စာချုပ်ချုပ်ဆိုသည့်နေ့တွင် ပေးသွင်းပြီးဖြစ်ရမည်။

(၃) ကျောက်တူးဖော်မည့်ဧရိယာကို ထင်ရှားသော နယ်နိမိတ်သတ်မှတ်ခြင်းအတွက် ကုန်ကျစရိတ်ကို လုပ်ကိုင်ခွင့်ရသူမှ ကျခံရမည်။

(၄) လုပ်ကိုင်ခွင့်ပြုသည့်ဧရိယာကို လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်းမပြုလုပ်ရ။ ကိုယ်တိုင် လုပ်ကိုင်ခြင်းမရှိလျှင် သစ်တောဦးစီးဌာနသို့ ပြန်လည်အပ်နှံရမည်။

(၅) ကျောက်တူးဖော်ခြင်းကြောင့် ကျင်း၊ ချိုင့်များဖြစ်ပေါ်လာပါက မြေပြန်လည်ဖို့ပေးရမည်။

(၆) ကျောက်တူးဖော်ခွင့်ပြုထားသည့် ဧရိယာအတွင်း၌သော်လည်းကောင်း၊ သစ်ပင်ခုတ်လှဲခြင်းမပြုရ။ မလွှဲမရှောင်သာ၍ ခုတ်လှဲရန် လိုအပ်ပါက သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်ကို ကြိုတင်ရယူရမည်။

(၇) ကျောက်တူးဖော်သည့် လုပ်ငန်းဆောင်ရွက်နေစဉ် နေထိုင်ရန် ယာယီနေအိမ်တဲများမှအပ အခြားအနိုင် အမာအဆောက်အဦများဆောက်လုပ်ခြင်းမပြုရ။

(၈) ကြိုးဝိုင်းအတွင်း ကျောက်တူးဖော်ရာတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သဖြင့် သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးနည်းလမ်းကို အသုံးပြုရမည်။

(၉) လုပ်ကိုင်ခွင့်ရသည့်မြေကို ကျောက်တူးဖော်ခြင်းလုပ်ငန်းမှတပါး အခြားစီးပွားရေးလုပ်ငန်းများအတွက် အသုံးပြုခြင်းမပြုရ။

(၁၀) ချုပ်ဆိုခဲ့သောစာချုပ်သည် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊သစ်တောဦးစီး ဌာန၊ ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား) ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်း ဒေသကြီး နှင့်ကျောက်တူးဖော်သူ **ရွှေကမ္ဘာမင်းကုမ္ပဏီလီမိတက်** တို့နှင့်သာ သက်ဆိုင်စေရမည်။

(၁၁) ကျောက်ထုတ်လုပ်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးသဖြင့် လုပ်ငန်းဆောင်ရွက်မည့် မြေဧရိယာ (၁)ဧကကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ရေမြေထိန်းသိမ်းရေးသစ်တောစိုက်ခင်းအဖြစ် သစ်တော နယ်မြေအတွင်း တည်ထောင်စိုက်ပျိုးပေးမည်ဖြစ်ကြောင်း **ရွှေကမ္ဘာမင်းကုမ္ပဏီလီမိတက်မှ** ဝန်ခံကတိပြု ထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရန်။

(၁၂) ထုတ်လုပ်သည့် ကျောက်ကျင်းအရေအတွက်စာရင်းကို လစဉ်လဆန်း(၁)ရက်နေ့အရောက် ပေးပို့ရန်။

(၁၃) ဖော်ပြပါစည်းကမ်းချက်တစ်စုံတစ်ရာကို ချိုးဖောက်ပါကလုပ်ကိုင်ခွင့်ရုတ်သိမ်းခြင်းခံရမည်။

(မင်းဇော်ထွေး)	(ကျော်ဇေယျ) ၁၁၊၁၀၊၂၀၁၈
မန်နေဂျင်းဒါရိုက်တာ	ညွှန်ကြားရေးမှူး
၆/ထဝန(နိုင်)၀၉၅၆၂၀	သစ်တောဦးစီးဌာန
ရွှေကမ္ဘာမင်းကုမ္ပဏီလီမိတက်	တနင်္သာရီတိုင်းဒေသကြီး-ထားဝယ်မြို့

T.F. No.1 NOTE - To be prepared by the payer in duplicate. **Art. 5, C.A.C.**

မှတ်ရန်အချက်။ ။ ငွေပေးသွင်းသူက မိတ္တူနှစ်စောင်ရေးသွင်ရမည်။

ချလန်နံပါတ် .... ငွေတိုက်အရာရှိ .... အတွက် .... ကပေးရန်ရှိသည့် ငွေပေါင်း(စာဖြင့်) ....

ငွေ (ဂဏန်းဖြင့်) ၂၅၀၀၀၀၀ ကျပ်

ကိုလက်ခံပါမည့်အကြောင်း။ .... အာဏာအရပေးပါကြောင်း။

.... မြို့ ၂၀-၁၁-၂၀၁၈ နေ့စွဲ ငွေပေးသွင်းသူ၏ လက်မှတ်။

Examined and entered.

Chalan No. MD- ၀၁၁၀/၀ Credit.

To

THE TREASURY OFFICER

PLEASE receive the sum of Kyat (*in words*) ....

.... K (*in figures*) ....

being the amount payable by ....

on account of * ....

Authority under which payment is made is ....

STATION .... : } (တမ်ိး)

Dated .... 20 .... Signature of the payer

Treasurer Head Accountant

သစ်တောဦးစီးဌာန ဘားဝယ်ခရိုင်ဘားဝယ်မြို့

Received the sum of kyat (*in words*) ....

K (*in figures*) .... on the above account

STATION .... :

Dated, ...

Treasurer Head Account. Treasury officer.

လက်ခံရရှိငွေကျပ် ၂၅၀၀၀၀၀/-

* Full details should be given. If on account of previous payment, the month, date of payment, number of voucher, etc. should also be stated.

* အကြောင်းအရာများကို ပြည့်စုံစွာရေးထည့်ရမည်။ အလျင်က ပေးထားသည့်ငွေအတွက်ဖြစ်လျှင် ထိုသို့ ပေးသည့် ဘောက်ချာနံပါတ်လနှင့် နေ့ရက် စသည်တို့ကို ရေးထည့်ရမည်။

မူရင်း

T.F. No.1 NOTE - To be prepared by the payer in duplicate. **Art. 5, C.A.C.**

မှတ်ရန်အချက်။ ။ ငွေပေးသွင်းသူက မိတ္တူနှစ်စောင်ရေးသွင်ရမည်။

ချလန်နံပါတ် .... ငွေတိုက်အရာရှိ .... အတွက် .... ကပေးရန်ရှိသည့် ငွေပေါင်း(စာဖြင့်) ....

ငွေ (ဂဏန်းဖြင့်) ၂၅၀၀၀၀၀ ကျပ်

ကိုလက်ခံပါမည့်အကြောင်း။ .... အာဏာအရပေးပါကြောင်း။

.... မြို့ ၂၀-၁၁-၂၀၁၈ နေ့စွဲ ငွေပေးသွင်းသူ၏ လက်မှတ်။

Examined and entered.

Chalan No. MD- ၀၁၁၀/၀ Credit.

To

THE TREASURY OFFICER

PLEASE receive the sum of Kyat (*in words*) ....

.... K (*in figures*) ....

being the amount payable by ....

on account of * ....

Authority under which payment is made is ....

STATION .... : } (တမ်ိး)

Dated .... 20 .... Signature of the payer

Treasurer Head Accountant

သစ်တောဦးစီးဌာန ဘားဝယ်ခရိုင်ဘားဝယ်မြို့

Received the sum of kyat (*in words*) ....

K (*in figures*) .... on the above account

STATION .... :

Dated, ...

Treasurer Head Account. Treasury officer.

လက်ခံရရှိငွေကျပ် ၂၅၀၀၀၀၀/-

* Full details should be given. If on account of previous payment, the month, date of payment, number of voucher, etc. should also be stated.

* အကြောင်းအရာများကို ပြည့်စုံစွာရေးထည့်ရမည်။ အလျင်က ပေးထားသည့်ငွေအတွက်ဖြစ်လျှင် ထိုသို့ ပေးသည့် ဘောက်ချာနံပါတ်လနှင့် နေ့ရက် စသည်တို့ကို ရေးထည့်ရမည်။

မိတ္တူ

RTC-I-724
17.5.2019

တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး
တနင်္သာရီတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်
စစ်ဆေးရေးဦးစီးဌာန၊ ထားဝယ်မြို့
စာအမှတ်၊ ၁၅၁၅ (၁-ခ) တန-၅/ ၂၀၁၉ (၉၆၁)
ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက်

သို့

ဥက္ကဋ္ဌ
တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ
ထားဝယ်မြို့

အကြောင်းအရာ။ **ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအပေါ် သဘောထားပြန်ကြားပေးခြင်းကိစ္စ**

ရည် ညွှန်း ချက်။ တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၊ ထားဝယ်မြို့၏ (၈.၅.၂၀၁၉) ရက်စွဲပါစာအမှတ်၊ ရက-တနသ/ ရင်းနှီး (ထွေ)/ ၂၀၁၉ (၁၉၀)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ ပရဒတ်ကျေးရွာအုပ်စု၊ ထွက်ဝကျေးရွာအနီး ကွင်းအမှတ် (၂၆/OSS)၊ ပရဒတ်ကြေးတိုင်ပြင်ကွင်း မြေဧရိယာ (၁.၅)ဧကပေါ်တွင် ရွှေကမ္ဘာမင်းကုမ္ပဏီလီမိတက်မှ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ကျောက်ထုတ်စက်ရုံဆောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ရေးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ခွင့်ပြုပေးရန် ဤဦးစီးဌာနသို့ သဘောထားမှတ်ချက်ပေးရန် ရည်ညွှန်းပါစာဖြင့် တင်ပြလာပါသည်။

၂။ သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအား တနင်္သာရီတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ ကုမ္ပဏီအနေဖြင့် စက်ရုံတည်ဆောက်ပြီးပါက ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေနှင့်အညီ စက်မှုမှတ်ပုံတင်ခြင်း၊ လျှပ်စစ်စစ်ဆေးမှုခံယူခြင်းများကို ဆက်လက်ဆောင်ရွက်ရန် လိုအပ်ပါကြောင်းနှင့် ကန့်ကွက်ရန် မရှိပါကြောင်း ပြန်ကြားတင်ပြအပ်ပါသည်။

ညွှန်.နွယ်
တိုင်းဒေသကြီးဦးစီးဌာနမှူး

မိတ္တူကို

ညွှန်ကြားရေးမှူး (စက်မှုကြီးကြပ်ရေးဌာန)၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊
နေပြည်တော်
ရုံးလက်ခံ
မျှောစာတွဲ

ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ဒေသ(၉)၊ တနင်္သာရီတိုင်းဒေသကြီး ၊ ထားဝယ်မြို့
စာအမှတ် ၊ ၁၁၁၃ / ရလထ - ဒေသ(၉) / ဗ၅၁(၁) / ၂၀၁၉
ရက် စွဲ ၊ ၂၀၁၉ ခုနှစ် ၊ မေလ ၁၀ ရက်

သို့
တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြုပ်နှံမှုကော်မတီ
ထားဝယ်မြို့

အကြောင်းအရာ။ **ရင်းနှီးမြုပ်နှံမှုလုပ်ငန်းအပေါ် သဘောထားပြန်ကြားပေးပါရန်ကိစ္စ**

ရည်ညွှန်းချက်။ တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြုပ်နှံမှုကော်မတီ၊ ထားဝယ်မြို့၏ (၉-၅-၂၀၁၉) ရက်စွဲပါစာအမှတ်၊ ရက-တနသ/ရင်းနှီး (ထွေ)/၂၀၁၉(၁၉၃)

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ ပရဒတ်ကျေးရွာအုပ်စု၊ ထွက်ဝကျေးရွာအနီး၊ ကွင်းအမှတ် (၂ဖြ/OSS)၊ ပရဒတ်ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ် (N-386) ၊ မြေဧရိယာ (ဖြ.၇၃)ကေပေါ်တွင် ဆိပ်ခံတံတားတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် ဦးမင်းဇော်ထွေး (ရွှေကမ္ဘာမင်းကုမ္ပဏီလီမိတက်)မှ လျှောက်ထားလာမှုနှင့်ပတ်သက်၍ သဘောထားပေးနိုင်ပါရန် ရည်ညွှန်းပါစာဖြင့် တင်ပြလာခဲ့ပါသည်။

၂။ ဦးမင်းဇော်ထွေး (ရွှေကမ္ဘာမင်းကုမ္ပဏီလီမိတက်)မှ ဆိပ်ခံတံတားဆောက်လုပ်ရန် လျှောက်ထားသည့်နေရာသည် ပရဒတ်ကျေးရွာအုပ်စု၊ ကပ္ပလီပင်လယ်ပြင်၏ကမ်းခြေ၌တည်ရှိပြီး ဤဦးစီးဌာန၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ကျရောက်ခြင်း မရှိပါသဖြင့် အဆိုပါနေရာတွင် ကျောက်ထုတ်လုပ်ငန်းခွင်သုံး ဆိပ်ခံတံတားတည်ဆောက်ရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ဤဦးစီးဌာနအနေဖြင့် ကန့်ကွက်ရန်မရှိကြောင်း သဘောထား ပြန်ကြားအပ်ပါသည်။

(စန်းရွှေ)
တိုင်းဒေသကြီးဦးစီးမှူး

မိတ္တူကို
- ရုံးလက်ခံ

RIC-I-768
18.6.2019

ညွှန်ကြားရေးမှူးရုံး
သစ်တောဦးစီးဌာန
တနင်္သာရီတိုင်းဒေသကြီး
ထားဝယ်မြို့

စာအမှတ်	၉၃၇၃-၉၃၇၄/စ(က)၂
ရက်စွဲ၊ ၂၀၁၉ခုနှစ်၊ ဇွန်လ ၁၄ ရက်	

သို့
ဥက္ကဋ္ဌ
တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ
ထားဝယ်မြို့

အကြောင်းအရာ ။ **ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအပေါ် သဘောထားပြန်ကြားပေးပါရန်ကိစ္စ**

ရည် ညွှန်း ချက် ။ (၁) တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၊မြို့နယ်စုပေါင်းရုံး၊ ထားဝယ်မြို့၏ (၈.၅.၂၀၁၉)ရက်စွဲပါ စာအမှတ်၊ တနသ-ရက/ရင်းနှီး-(ထွေ)/၂၀၁၉(၁၈၉)

(၂) တနင်္သာရီတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန၊ ထားဝယ်မြို့၏ (၁၀.၅.၂၀၁၉)ရက်စွဲပါ စာအမှတ်၊ ၇၄၄၀-၇၄၄၂/စ(က)၂

(၃) လက်ထောက်ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ ထားဝယ်ခရိုင် ၏ (၂၉.၁.၂၀၁၉)ရက်စွဲပါစာအမှတ်၊ ၅၃၆-၅၃၇/စ(ဂ)၁

၁။ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ရွှေကမ္ဘာမင်းကုမ္ပဏီလီမိတက်မှ ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ ပရဒတ်ကျေးရွာအုပ်စု၊ ထွက်ဝကျေးရွာအနီးကွင်းအမှတ်(၂၆/OSS)ပရဒတ်ကြေးတိုင်ပြင်ကွင်းမြေဧရိယာ(၁.၅)ဧကပေါ်တွင် ကျောက်ထုတ်စက်ရုံဆောက်လုပ်ခြင်းဆောင်ရွက်ရန် တင်ပြလာမှုအပေါ် အဆိုပါလုပ်ငန်းအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ခွင့်ပြုပေးရန်အတွက် သစ်တောဦးစီးဌာန၏ သဘောထား မှတ်ချက်အားစောလျင်စွာပြန်ကြားပေးပါရန်ရည်ညွှန်း(၁)ပါစာဖြင့်အကြောင်းကြားလာပါသည်။

၂။ အထက်ဖော်ပြပါကိစ္စနှင့်ပတ်သက်၍ ထားဝယ်ခရိုင်၊ သစ်တောဦးစီးဌာနမှ ရည်ညွှန်း(၃) ပါစာဖြင့် ရွှေကမ္ဘာမင်းကုမ္ပဏီလီမိတက်မှ ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် ရေဖြူမြို့နယ်၊ ပရဒတ်ကျေးရွာအုပ်စု၊ ထွက်ဝကျေးရွာအနီးကွင်းအမှတ်(၂၆/OSS)ပရဒတ် ကြေးတိုင်ပြင်ကွင်း မြေဧရိယာ(၁.၅)ဧကပေါ်တွင် ကျောက်ထုတ်စက်ရုံဆောက်လုပ်ခြင်းဆောင်ရွက်ရန် လျှောက်ထား သည့် နေရာအား ကွင်းဆင်းစစ်ဆေးတင်ပြချက် အပေါ် ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များအား အောက်ပါ အတိုင်း စိစစ်ကောက်နုတ် တင်ပြအပ် ပါသည်-

(က) ရွှေကမ္ဘာမင်းကုမ္ပဏီလီမိတက်မှကျောက်ခွဲစက်ရုံ တည်ဆောက်ရန် လျှောက်ထား လာ သည့် မြေဧရိယာ(၁.၅)ဧကသည် ရေဖြူမြို့နယ်၊ ပရဒတ်ကျေးရွာအုပ်စု၊ ထွက်ဝ ကျေးရွာအနီး၊ကွင်းအမှတ်(၂၆/OSS)၊ ပရဒတ်ကြေးတိုင်ပြင်ကွင်းအတွင်း ကျရောက်မှု ရှိကြောင်း စစ်ဆေးတင်ပြထားပါသည်။

(ခ) လျှောက်ထားလာသည့် ဧရိယာသည် သစ်တောစိုက်ခင်း၊ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ် တော၊ သစ်စေ့ထုတ်ဧရိယာ၊ သစ်ထုတ်ဧရိယာ၊ ဆည်/ရေလှောင်တမံ၊ မြစ်/ချောင်း များ၏ ရေဝေရေလဲဧရိယာနှင့်ကင်းလွတ်မှုရှိကြောင်း စစ်ဆေးတင်ပြထားပါသည်။

(ဂ) လျှောက်ထားလာသည့် ဧရိယာ၏ မြေမျက်နှာသွင်ပြင်မှာ ညီညာပြန့်ပြူးပြီး ရာဘာစိုက်ခင်းဧရိယာဖြစ်၍ သဘာဝပေါက်ပင်များ ပေါက်ရောက်မှုမရှိကြောင်း စစ်ဆေးတင်ပြထားပါသည်။

(ဃ) လျှောက်ထားလာသည့် ဧရိယာနှင့်ထိစပ်လျက်ရှိသော အခြားမြေအသုံးချမှုများမှာ အရှေ့ဘက်တွင် တောင်ကုန်းတောင်တန်း၊ အနောက်ဘက်တွင် ထွက်ဝ-ဓာဒီကားလမ်း၊ တောင်ဘက်တွင် ဦးအေးလွင် ရာဘာခြံ၊ မြောက်ဘက်တွင် ဦးဘိုဝင်းရာဘာခြံများနှင့်ထိစပ်လျက်ရှိကြောင်း စစ်ဆေးတင်ပြထားပါသည်။

(င) လျှောက်ထားလာသည့် နေရာသည် ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ရန် လုံခြုံရေးကောင်းမွန်၍ လွယ်လင့်တကူ သွားလာစစ်ဆေးနိုင်သော နေရာဖြစ်ကြောင်း စစ်ဆေးတင်ပြထားပါသည်။

(စ) ရွှေကမ္ဘာမင်းကုမ္ပဏီလီမိတက်မှ ရေဖြူမြို့နယ်၊ ပရဒတ်ကျေးရွာအုပ်စု၊ ထွက်ဝကျေးရွာ အနီး၊ကွင်းအမှတ်(၂၆/OSS)၊ပရဒတ်ကြေးတိုင်ပြင်ကွင်းအတွင်းကျောက်ခွဲစက်ရုံ တည်ဆောက်ရန် လျှောက် ထားလာ သည့် မြေဧရိယာ(၁.၅)ဧက သည် သစ်တောစိုက်ခင်း၊ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော၊သစ်စေ့ထုတ်ဧရိယာ၊ သစ်ထုတ်ဧရိယာ၊ဆည်/ရေလှောင်တမံ၊ မြစ်/ချောင်း များ၏ ရေဝေရေလဲဧရိယာ နှင့် ကင်းလွတ်မှုရှိသဖြင့် သက်ဆိုင်ရာဌာန များ၏ လုပ်ထုံးလုပ်နည်း၊စည်းကမ်းချက်များနှင့် အညီဆောင်ရွက်သင့်ပါကြောင်းသဘောထားမှတ်ချက်တင်ပြထားပါသည်။

၃။ သို့ဖြစ်ပါ၍ ရွှေကမ္ဘာမင်းကုမ္ပဏီလီမိတက်မှ ကျောက်ခွဲစက်ရုံ တည်ဆောက်ရန် လျှောက်ထားလာ သည့် မြေဧရိယာ(၁.၅)ဧကသည် ရေဖြူမြို့နယ်၊ ပရဒတ်ကျေးရွာအုပ်စု၊ ထွက်ဝ ကျေးရွာအနီး၊ကွင်းအမှတ်(၂၆/OSS)၊ ပရဒတ်ကြေးတိုင်ပြင်ကွင်းအတွင်း ကျရောက်မှုရှိခြင်း၊ သစ်တောစိုက်ခင်း၊ သစ်စေ့ထုတ်ဧရိယာ၊ သစ်ထုတ်ဧရိယာ၊ ဆည်/ ရေလှောင်တမံ၊ မြစ်/ချောင်း များ၏ ရေဝေရေလဲဧရိယာနှင့်ကင်းလွတ်မှုရှိခြင်း၊ညီညာပြန့်ပြူးပြီးရာဘာစိုက်ခင်းဧရိယာဖြစ်၍သဘာဝ ပေါက်ပင်များပေါက်ရောက်မှုမရှိခြင်း၊ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောဧရိယာအတွင်း ကျရောက်မှုမရှိခြင်းတို့ကြောင့် သက်ဆိုင်ရာဌာနများ၏ ဥပဒေ၊ နည်းဥပဒေများအား လိုက်နာဆောင်ရွက် စေသင့်ပါကြောင်း တင်ပြအပ်ပါသည်။

(ဖေချစ်)
ညွှန်ကြားရေးမှူး
သစ်တောဦးစီးဌာန
တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်မြို့

မိတ္တူကို -

- မျှောစာတွဲ
- ရုံးလက်ခံ

K(သတ္တု)(269)

သစ်တောဦးစီးဌာန ။
လက်ထောက်ညွှန်ကြားရေးမှူးရုံး ။
ထားဝယ်ခရိုင် - ထားဝယ်မြို့ ။
စာအမှတ်။ ၈၉၁၃ - /စ(က)၂ ။
ရက်စွဲ။ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ(၂၉)ရက် ။

သို့

ဦးစီးအရာရှိ
သစ်တောဦးစီးဌာန
ရေဖြူမြို့နယ်

အကြောင်းအရာ။ **လမ်းခင်းကျောက်ထုတ်လုပ်ခွင့်ပြုပါရန် တင်ပြလာသည့်ကိစ္စ**

ရည်ညွှန်းချက် ။ ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၏ (၂၇.၁၁.၂၀၁၇)ရက်စွဲပါစာအမှတ်၊ ၁၉၆၆၉-၁၉၆၇၁/စ(က)၂

အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ ပရဒတ်ကျေးရွာအုပ်စု၊ ထွက်ဝကျေးရွာအနီး ခန့်မှန်းမြေပုံအညွှန်း(UTM 1498-15(LR) A-904916,B-910922,C-915918,D-910913,E-908915,F-905913) ရှိ မြေဧရိယာ(၁၃၀)ဧကအတွင်း လမ်းခင်းကျောက်များထုတ်ယူခွင့် လိုင်စင်လျှောက်ထားရန်အတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ မြေစာရင်းပုံစံ(၁၀၅)ရေးကူးခွင့်ပြုပါရန်နှင့် လမ်းခင်းကျောက်ထုတ်လုပ်ခွင့် ရရှိနိုင်ရေး သဘောထားမှတ်ချက်ပြန်ကြားပေးနိုင်ပါရန် Shwe Gabar Min Co,Ltd တင်ပြလာမှုနှင့်စပ်လျဉ်း၍ (၁၃.၁၀.၂၀၁၇)ရက်နေ့ကျင်းပပြုလုပ်သော တနင်္သာရီတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ရုံး၏ အစည်းအဝေး အမှတ်စဉ်(၁၅/၂၀၁၇)အပိုဒ်(၈၅)ဆုံးဖြတ်ချက်အရ **"Shwe Gabar Min Co,Ltd ပိုင်ဥယျာဉ်ခြံမြေ(၂၃)ဧကအား လယ်ယာမြေဥပဒေအရ လုပ်ထုံးလုပ်နည်းနှင့်အညီ အခြားနည်းအသုံးပြုခွင့်လျှောက်ထားစေရန်နှင့် ခွင့်ပြုကြောင်း"** ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါကိစ္စအား တနင်္သာရီတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ရုံး၏ အစည်းအဝေး အမှတ်စဉ်(၁၅/၂၀၁၇)အပိုဒ်(၈၅)ဆုံးဖြတ်ချက်အရ **"Shwe Gabar Min Co,Ltd ပိုင်ဥယျာဉ်ခြံမြေ(၂၃)ဧကအား လယ်ယာမြေဥပဒေအရ လုပ်ထုံးလုပ်နည်းနှင့်အညီ အခြားနည်းအသုံးပြုခွင့်လျှောက်ထားစေရန်နှင့် ခွင့်ပြုကြောင်း"** အကြောင်းကြားလာခြင်းအား သိရှိနိုင်ရန် ထပ်ဆင့် အကြောင်းကြားပါသည်။

(ဆန်းဝင်း-၂)
လက်ထောက်ညွှန်ကြားရေးမှူး
သစ်တောဦးစီးဌာန
ထားဝယ်ခရိုင်၊ ထားဝယ်မြို့

မိတ္တူကို -

- Shwe Gabar Min Co,Ltd၊ ရေဖြူမြို့
- မျှောစာတွဲ/ရုံးလက်ခံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

စစ်ထောက်ချုပ်ရုံး

စာအမှတ်၊ ၁/၇၇၇/ဆလ-၁၃/ထောက် ၄

ရက်စွဲ၊ ၂၀၁၉ခုနှစ်၊ဖေဖော်ဝါရီလ ၆ ရက်

သို့

စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး

အကြောင်းအရာ။ **မြေနေရာစိစစ်တင်ပြရေး**

ရည် ညွှန်း ချက်။ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၁၉ - ၁၂ - ၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၂ / ၄၀၀၀ / ဝဖ / ထောက် ၄

အမှတ်(၄၀ဖ)ခြေမြန်တပ်ရင်းတွင် ကျောက်ထုတ်လုပ်ငန်းသုံးယမ်းနှင့်ဆက်စပ်ပစ္စည်းများသိုလှောင်ထိန်းသိမ်းရန်အတွက် (၄၅-တန်ဆံ့) အမြဲတမ်းယမ်းတိုက် ၁ လုံး ဆောက်လုပ်ခွင့်ရရှိရေးရည်ညွှန်းစာဖြင့် တင်ပြလာခြင်းနှင့်စပ်လျဉ်း၍ မြေနေရာစိစစ်အတည်ပြုပေးနိုင်ရေး အကွက်ချပုံစံများအား ပူးတွဲပေးပို့ပါသည်။

တွဲဖက်စစ်ထောက်ချုပ်(ကိုယ်စား)

မိတ္တူကို

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်

အမှတ်(၄၀ဖ)ခြေမြန်တပ်ရင်း

အမှတ်(၉၆၅)ဆောက်လုပ်ရေးတပ်ခွဲ(အင်ဂျင်နီယာ)

JOINT VENTURE AGREEMENT

DATE:

JOINT VENTURE AGREEMENT

This Joint Venture Agreement is executed at Yangon, Myanmar on this day of 21, August , 2018, on the principal of equality and mutual benefit and through friendly consultation, to set up an equity Joint Venture Enterprise.

BETWEEN

STONE MILL SUWANCOMPANY LIMITED (Company Registration No. 0645540000166, a company incorporated in Thailand and having its registered office address at Mu 8, No-52/2, Na Khun Krai Sub-district, Si Samrong District, Sukhothai Province, Thailand hereinafter refer to as(“Party A”);

AND

SHWE GABAR MIN COMPANY LIMITED (Myanmar Company Registration No. 101260720, a company incorporated in Myanmar and having its registered office address at San Sat Street, No. 532, Kyatsarpyin Quarter, Dawei, Tanintharyi, Myanmar hereinafter to as (“Party B“);

(Each a “party” and together the “parties”).

1 Establishment of the Joint Venture Company

In accordance with the Republic of the Union of Myanmar Foreign Investment Law and other relevant Myanmar laws and regulations, all parties of Joint Venture Enterprise agree to set up a Joint Venture Limited Liability Company in

- The name of the Joint Venture Company is Shwe Gabar Hlwan Company Limited：
- The registered address of the Joint Venture Company is Alae Street No(92)Kanyone Quarter, Dawei, Tanintharyi, Myanmar

2. Authorized Capital and Paid Up Capital

(a) The Company is to be registered in Yangon, Union of Myanmar, with an Authorized Capital Twenty Million Dollar USD (150,000 USD). The Equity participation in the Capital of the Company shall be as follows:-

Party "A" Foreign Capital 80%

Party "B"   Local Capital   20%

(b)   Initial Paid up capital of the Company is proposed at approximately 150,000 United States Dollars (150,000) to be subscribed proportionately by all parties as follows.

1- Party "A" – Contribution US$ 120,000 (Cash)

2- Party "B" – Contribution US$ 30,000 (Cash)

（c）   Initial capital must be paid up after signed on **JOINT VENTURE AGREEMENT.** therefore, all Initial capital is paid up from both parties after signed on AGREEMENT.

3.   Formation of a Joint Venture Company

3.1 Within (90) days from the effective date of this Agreement, the parties shall form a Private Limited Liability Company under the laws of the Union of Myanmar according to which the liability of its members is limited to the nominal value of the shares issued.

(a)   When the provisions of this Agreement are in conflict or inconsistent with the provisions in the Company's Constitution, the provisions of this Agreement shall prevail. If cannot resolve or any other than company internal the conflict or inconsistent with Company's Memorandum and Articles of Association, then the Company must follow the Company's Constitution or Union of Myanmar's Law.

(b)   The registered office of the Company shall be in Corner Of Botathaung Zay Street And Merchant Road No.3 Botahtaung, Yangon, Myanmar. The Company may also have such other branch or branches and places of business as may be determined by the Board of Directors.

4.   Business of the Company

4.1 According to the law applicable, the business scope of Company is Limited company .

4.1 The Business shall be conducted in the best interests of the Company on sound commercial profit-making principles so as to generate the maximum achievable maintainable profits available for distribution to its Shareholders.

5.   Responsibilities of the Party to the Joint Venture Company

5.1 The Parties shall exercise their best efforts and take all such actions as may be necessary to fully assist the Company in the conduct of the Business.

5.2 Responsibilities of Party A：

All other business and activities relating to or necessary for any of the above or as the Shareholders may otherwise agree from time to time and approved by the MIC and the other Relevant Authorities; and

5.3 Responsibilities of Party B

- Arrange for the safety of all local and foreign personnel, technicians, consultants and/or experts to be dispatched to the Territory for the establishment and - operations of the Company and its conduct of the Business, and in procuring their accommodations, housing, work and/or stay permits, and multiple entry and/or re-entry and exit visas from the relevant governmental authorities in the Territory.
- Procure that, for purposes of the conduct of the Business, the Company is entitled and able to use and keep foreign and local currency, and to open and maintain bank accounts in Myanmar. All incomes have to be kept at the JV Company’s account.
- Procure an irrevocable general power of attorney from the land owner in order to process the necessary application to any relevant government department including MIC and Obtain the original land grant of the

5.4 The Joint Venture Company shall, after incorporation, opening company account and remitting required working capital, be responsible for the employment of local and foreign, personnel, staff, technicians and/or experts, including but not limited to the payment of their salaries, wages, traveling costs and other related expenses incurred in connection with the employment of such personnel, staff, technicians and/or experts with the approval of the BOD.

6. SHAREHOLDERS MEETINGS

6.1 No business shall be transacted at any Shareholders Meeting unless a quorum is present. The quorum for a Shareholders Meeting shall comprise at least one director of each three Shareholders, which shall include Party A , and Party B .If a quorum is not constituted within half an hour of the time appointed for a meeting, such Shareholders Meeting shall be adjourned to the same day in the week next following at the same time and place.

6.2 The chairman of each Shareholders Meeting shall be the chairman of the Board or any other Party B Director, if Chairman is unable to attend the meeting in time, to whom the chairman of the Board may delegate his powers of chairmanship for purposes of any relevant Shareholders Meeting.

6.3 A Shareholders Meeting shall be called by not less than twenty-one (21) Days' notice in writing.

6.4 Unless involving a Shareholder Reserved Matter, at any Shareholders Meeting, a resolution put to the vote shall be adopted by an affirmative vote of the Shareholders present at the meeting holding a majority of the Shares represented at a meeting where at least one Shareholder representing in the aggregate more than 50% of the total number of Shares then issued and outstanding are present. At such Shareholders meeting, one (1) Share shall count as one (1) vote.

6.5 The following matters must be referred to the Shareholders and shall not be undertaken without the affirmative vote of all Shareholders present and voting at such Shareholders Meeting (each, a “Shareholder Reserved Matter”):

(a) Any amendment to the Constitution of the Company
(b) Changing the scope of the business of the Company.
(c) Any Increase or decrease in the authorized or issued Shares of the Company.
(d) Issuance of any new class of securities or interests or rights convertible into securities or interests in the Company other than the Shares, including securities with any preference or priority over the Shares in terms of the payment of dividends or the distribution of assets or otherwise, or the alteration of any rights attaching to the Shares.
(e) Changing or modifying the name of the Company.
(f) The exchange, mortgage, pledge of all or substantially all of the assets of the JV Company.
